## ဩစတြေးလျအစိုးရသစ်အနေဖြင့် မြန်မာစစ်အစိုးရအပေါ် ပိုမိုဖိအားပေးဆောင်ရွက်မည်ဟု မျှော်လင့်
၄ ဒီဇင်ဘာ ၂၀၀၇

တနင်္လာနေ့က ဩစတြေးလျနိုင်ငံမှာ အစိုးရအဖွဲ့သစ်က ကျမ်းသစ္စာကျိန်ဆိုလိုက်ပါတယ်။ အခုအစိုးရသစ်ဟာ အရင်တုန်းက အစိုးရက မြန်မာနိုင်ငံအပေါ်ထားခဲ့တဲ့ မူဝါဒတွေထက်တောင်မှ မြန်မာ့အရေးမှာ ပိုပြီးတော့ ပြင်းပြင်းထန်ထန်ကိုင်တွယ်မယ်လို့ မြန်မာ့အရေးလေ့လာသူတွေက သုံးသပ်ပြောဆိုကြပါတယ်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီအခြေစိုက် မြန်မာ့ရေးရာရုံး ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ချိုကို ဦးကျော်ဇော်ညွန့်က ဆက်သွယ်မေးမြန်းတင်ပြထားပါတယ်။

ဩစတြေးလျဝန်ကြီးချုပ်ဟောင်း မစ္စတာဂျွန်ဟောင်းဝပ် (John Howard) ရဲ့ ကွန်ဆာဗေးတစ်ပါတီအစိုးရဟာ ၁၂ နှစ်ကြာ ဩစတြေးလျမှာ အာဏာရရှိပြီးတဲ့နောက် တနင်္လာနေ့ကမှ အစိုးရအဖွဲ့သစ်အဖြစ်တက်လာတဲ့ မစ္စတာကယ်ဗင်ရတ်ဒ် (Kevin Rudd) ရဲ့ လေဘာပါတီအစိုးရအနေနဲ့ မြန်မာနိုင်ငံအပေါ်မှာ ဩစတြေးလျကထားရှိတဲ့ ပေါ်လစီမူဝါဒ ပြောင်းလဲမှုတွေပြုလုပ်နိုင်ဖို့ အလားအလာရှိမရှိကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အခြေစိုက် Burma Office က ညွှန်ကြားရေးမှူး ဒေါက်တာဦးမြင့်ချိုကို မေးမြန်းရာမှာ ...

"မစ္စတာကယ်ဗင်ရတ်ဒ်က အတိုက်အခံဘဝမှာ နိုင်ငံခြားရေးတာဝန်ခံအဖြစ်နဲ့ ၇ နှစ် ၈ နှစ်လောက် တာဝန်ထမ်းခဲ့ပါတယ်။ သူက အတိုက်အခံဘဝတုန်းကလည်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဒဏ်ခတ်ပိတ်ဆို့ပြီးတော့ ပြင်းထန်တဲ့အရေးယူမှုတွေလုပ်ဖို့ တစိုက်မတ်မတ်တောင်းဆိုလာခဲ့တယ်။ သူ ဝန်ကြီးချုပ်မဖြစ်ခင် လပိုင်းအလိုမှာလည်း ကျနော်တို့ဆီကိုစာရေးပြီးတော့ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အယုတ်မာဆုံး၊ အကြမ်းတမ်းဆုံးနဲ့ အဖိနှိပ်ဆုံးအစိုးရဖြစ်တယ်။ ဒါကြောင့် ဒီလိုအစိုးရမျိုးကို တကမ္ဘာလုံးကနေဝိုင်းဝန်းပူးပေါင်းပြီးတော့ ထိရောက်တဲ့ အရေးယူမှုတွေလုပ်ဖို့လိုတယ်။ ဒါမှသာ ဒီဖိအားပေးမှုတွေနဲ့အတူ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးရေး၊ တိုင်းရင်းသားတွေနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးရေးတွေ ဖြစ်လာနိုင်တယ်။ ဒါကြောင့် သူသာအစိုးရဖြစ်လာမယ်ဆိုရင် မြန်မာအစိုးရအပေါ်မှာ ပြင်းထန်တဲ့ဖိအားတွေပေးပြီးတော့ ထိထိရောက်ရောက်ဆောင်ရွက်မယ်လို့ ပြောခဲ့ဖူးတယ်။

"ကနေ့ သူက ဝန်ကြီးချုပ်ဖြစ်လာတဲ့အခါကျတော့လည်း မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သဘောထားတွေကို ပြောင်းမယ်လို့ ကျနော်မမြင်ဘူး။ ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့အတိုက်အခံဘဝတုန်းက ရွေးကောက်ပွဲမတိုင်ခင် ဂျွန်ဟောင်းဝပ်ကနေ မြန်မာနိုင်ငံအပေါ်မှာ ဘဏ္ဍာရေးနဲ့ပတ်သက်ပြီး ဒဏ်ခတ်ပိတ်ဆို့တဲ့အပေါ်မှာ သူ့သဘောထားက ဒီ့ထက်မက ပြင်းပြင်းထန်ထန် နအဖကို ပစ်မှတ်ထားပြီးတော့ ပိတ်ဆို့အရေးယူသင့်တယ်၊ တကမ္ဘာလုံးနဲ့ လက်တွဲဆောင်ရွက်ပြီးတော့လည်း နအဖရဲ့လက်အောက်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အမြန်ဆုံးရပ်ဆိုင်းအောင် လုပ်ဖို့လိုတယ်၊ ဖြစ်နိုင်ရင် နိုင်ငံတကာတရားရုံးပေါ်မှာ နအဖနဲ့ပတ်သက်ပြီး လူ့အခွင့်အရေးချိုးဖောက်တဲ့ကိစ္စတွေ၊ ပြည်သူတွေကို ရက်ရက်စက်စက်ဖိနှိပ်တဲ့ကိစ္စတွေကို အရေးယူဆောင်ရွက်သင့်တယ်ဆိုတဲ့အဆင့်ထိ လုံခြုံရေးကောင်စီကဆောင်ရွက်ဖို့တိုက်တွန်းသွားမယ်ဆိုတဲ့ပုံစံမျိုးတွေ တောက်လျှောက်ပြောခဲ့တယ်။

"ဒါကြောင့် လက်ရှိ မစ္စတာကယ်ဗင်ရတ်ဒ်ဦးဆောင်တဲ့ ဩစတြေးလျအစိုးရသစ်ဟာ ရေရှည်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ထိထိရောက်ရောက် ပြင်းထန်တဲ့မူဝါဒတွေ ချမှတ်လုပ်ဆောင်သွားမယ်လို့ ကျနော်တို့ယူဆတယ်"

ယခင်ဩစတြေးလျဝန်ကြီးချုပ်ဟောင်း မစ္စတာဂျွန်ဟောင်းဝပ်လက်ထက်တုန်းက မြန်မာနိုင်ငံအပေါ်မှာ အကန့်အသတ်နဲ့ဆက်ဆံတဲ့ မူဝါဒအပေါ်မှာ အခုလက်ရှိ မစ္စတာကယ်ဗင်ရတ်ဒ် အစိုးရအနေနဲ့ ပြောင်းလဲမှုတွေပြုလုပ်ဖို့ ဩစတြေးလျမှာရှိနေတဲ့ မြန်မာ့အရေးတက်ကြွလှုပ်ရှားသူများရဲ့ လှုပ်ရှားမှုကိုလည်း ဒေါက်တာဦးမြင့်ချိုက အခုလိုပြောပြပါတယ်။

“အရင် ဂျွန်ဟောင်းဝပ်အစိုးရခေတ်က အကန့်အသတ်နဲ့ဆက်ဆံတဲ့ မူဝါဒကိုလည်း ပြန်လည်သုံးသပ်ပြီးတော့ အနောက်နိုင်ငံတွေနဲ့လက်တွဲပြီး ထိထိရောက်ရောက် ပြင်းထန်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုဥပဒေတွေပြဋ္ဌာန်းသွားဖို့ ကျနော်တို့အနေနဲ့ ဆက်ပြီးကြိုးစားနေပါတယ်။ ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ် ခေတ်တုန်းက ကူညီထားဖူးတဲ့ တရားသူကြီးတွေကို သင်တန်းပေးတဲ့ကိစ္စတွေ၊ နအဖရဲအရာရှိတွေကို အင်ဒိုနီးရှားမှာရှိတဲ့ သင်တန်းကျောင်းကတဆင့် ကူညီပေးနေတဲ့ကိစ္စတွေ၊ ရန်ကုန်မှာ ဩစတြေးလျ မူးယစ်ဆေးဝါးအရာရှိတွေထားပြီးတော့ ဩစတြေးလျနိုင်ငံထဲ မူးယစ်ဆေးဝါးတွေဝင်လာတဲ့ကိစ္စတွေကို နည်းလာအောင်ကြိုးစားနေတဲ့ကိစ္စတွေကိုလည်း တဖြည်းဖြည်းနဲ့ ပြန်သုံးသပ်ပြီးတော့ ဒါတွေကို ရပ်ဆိုင်းဖို့အတွက် ကျနော်တို့ ဒီမှာရှိတဲ့ လှုပ်ရှားနေတဲ့လူတွေအကုန်လုံးက ကြိုးစားနေတယ်၊ ဖြစ်လာနိုင်မယ်လို့လည်း ကျနော်တို့အနေနဲ့ ယူဆပါတယ်”